ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

ရေဆင်း၊ နေပြည်တော်

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူမည့် စက်ပစ္စည်း များအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ တင်ဒါအဆိုပြုလွှာ၊ တင်ဒါစည်းကမ်းချက်များ နှင့် ဝယ်ယူမည့် စက်ပစ္စည်းများ၏ စံချိန်စံညွှန်းများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ငွေစာရင်းဌာနတွင် မှတ်ပုံတင်၍ ဝယ်ယူနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ တင်သွင်းသည့်ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာကို အောက်ဖော်ပြပါ လိပ်စာအတိုင်း လိပ်မူ၍ လူကိုယ်တိုင် တင်သွင်းရမည်-

သို့

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

ရေဆင်း၊ နေပြည်တော်

မိမိအဆိုပြုတင်သွင်းလိုသည့် စက်ပစ္စည်း များ၏ စံချိန်စံညွှန်းများကို ဖော်ပြလျက် မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်၊ ငွေစာရင်းဌာနရှိ တင်ဒါအဆိုပြုလွှာထည့်ရန် သေတ္တာထဲ သို့ ၂၀၂၂ ခုနှစ်၊ မေလ (၁၁) ရက်၊ ၁၆:၀၀ နာရီ တွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အရည်အသွေးစံချိန်စံညွှန်း နှင့် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား ချိပ်ပိတ်စာအိတ်များဖြင့် သီးခြားစီခွဲ၍ တင်ဒါတင်သွင်းရမည့် နေ့ရက်တွင် တစ်ပြိုင်တည်း တင်သွင်းရမည်။

၄။ တင်ဒါတင်သွင်းရာ၌ အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာစာအိတ် (Technical proposal envelope) တွင် အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါဝင်ရမည်-

(က) အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ

(ခ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(ဂ) ၁% တင်ဒါအာမခံစပေါ်ငွေ Deposit တင်သွင်းထားသည့် ချလံမူရင်း(၁)စောင်

(ဃ)ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ (Company Profile)

(င) စက်ပစ္စည်းများ၏ အရည်အသွေးစံချိန်စံညွှန်း (Specifications)

(စ) စက်ပစ္စည်းများပေးသွင်းနိုင်မည့် ရက်စွဲ (Work Schedule Programme)

၅။ ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာစာအိတ် (Financial proposal envelope) တွင် စက်ပစ္စည်းများအတွက်တန်ဖိုးအချုပ်စာရင်းကို ဖော်ပြထားပြီး ချိပ်ပိတ်ထားရမည်။

၆။ တင်ဒါတင်သွင်းလိုသူသည် စက်ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေ (၁%) ကို Payment Order Cheque ဖြင့် တင်ဒါမတင်သွင်းမီ မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ် ငွေစာရင်းဌာနနှင့်ချိတ်ဆက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ပျဉ်းမနားသို့ ကြိုတင် ပေးသွင်း ရမည်။ သက်ဆိုင်ရာLot အလိုက် သတ်မှတ်ထားသော တင်ဒါအာမခံစပေါ်ငွေ (၁%) ကို အသိပေးကြေညာ ထားပါသည်။

၇။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း

(က)အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါဈေးနှုန်းကို အိတ်ဖွင့်တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။

(ခ) စက်ပစ္စည်း တန်ဖိုးနှင့် ဆက်စပ်ပစ္စည်းများ၏တန်ဖိုးများအား အသေးစိတ် တွက်ချက် ဖော်ပြပါရှိရမည်။

(ဂ) စက်ပစ္စည်း တန်ဖိုးဖော်ပြရာတွင် နိုင်ငံတော်သို့ပေးသွင်းရမည့် ဝင်ငွေခွန် ၂% နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) ကို သီးခြားတွက်ချက်တင်ပြခြင်း မပြုရပါ။

(ဃ)တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၃) လ အထိ အကျုံး ဝင်ရမည်။

၈။ တင်ဒါဖွင့်ခြင်း

(က) ၂၀၂၂ခုနှစ်၊ မေလ (၁၂)ရက်နေ့ (၁၃:၀၀) နာရီတွင် တင်ဒါဖွင့်သွားမည် ဖြစ်သည်။

(ခ) ကုမ္ပဏီများ၏ အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာစာအိတ် (Technical proposal envelope) များ နှင့် ဘဏ္ဍာရေးဆိုင်ရာဈေးနှုန်းအဆိုပြုလွှာစာအိတ် (Financial proposal envelope) များကို တင်ဒါဖွင့်ပွဲနေ့၌ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် ကုမ္ပဏီများအားလုံး ရှေ့မှောက်တွင် ဖွင့်ဖောက်မှတ်တမ်းတင် သွားမည်။

(ဂ) တင်ဒါဖွင့်ပွဲသို့ တက်ရောက်ခြင်းမရှိသော ကုမ္ပဏီ၏ အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ စာအိတ် (Technical proposal envelope) များ နှင့် ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်း

အဆိုပြုလွှာစာအိတ် (Financial proposal envelope) များကို ဖွင့်ဖောက်မည် မဟုတ်ပါ။

၉။ စိစစ်ရွေးချယ်ခြင်း

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသည်-

(က) အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာစာအိတ် (Technical proposal envelope) တွင် ပါဝင်သော စက်ပစ္စည်းများ၏အရည်အသွေးကိုအခြေခံ၍ စိစစ်ရွေးချယ်သွားမည်။

(ခ) သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်း စည်းကမ်းချက်များနှင့် မညီညွတ် သော တင်ဒါ အဆိုပြုလွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဂ) တင်ဒါတင်သွင်းသည့် စက်ပစ္စည်းများ၏ စံချိန်စံညွှန်း၊ တန်ဖိုး၊ ပစ္စည်းပေးသွင်း နိုင်မည့်ရက်၊ အာမခံသက်တမ်း (Warranty Period)၊ ကောင်းစွာတပ်ဆင်ပေးနိုင်မှု (Proper installation) စသည်တို့ကို စိစစ်၍ ရွေးချယ်မည်။

(ဃ) နောက်ဆုံးအဆင့် အတည်ပြု တင်ဒါစိစစ်ရွေးချယ်ခြင်းအား အဆိုပြုလွှာ တင်သွင်းထား သည့် ကုမ္ပဏီများ၏ရှေ့မှောက်တွင် ဆောင်ရွက်သွားမည်။

(င) စက်ပစ္စည်းများဖြစ်သည့်အတွက် ဘတ်ဂျက်ခွင့်ပြုငွေအတွင်းရှိနေသော ပစ္စည်း တစ်ခုချင်းစီအလိုက်၊ ကြာရှည် အသုံးခံနိုင်မှု(Longevity) နှင့် အရည်အသွေးကောင်းမွန် မှုတို့ကိုအဓိကထား၍ရွေးချယ်သွားမည်ဖြစ်သည်။

(စ) ရွေးချယ်ခြင်းခံရသောကုမ္ပဏီ၊ စက်ပစ္စည်းများနှင့် တန်ဖိုးတို့ကို အဆိုပြုလွှာ တင်သွင်းထားသည့် ကုမ္ပဏီများ၏ရှေ့မှောက်တွင် အတည်ပြုကြေညာသွားမည်။

(ဆ) ရွေးချယ်ခြင်းမခံရသောကုမ္ပဏီများအားသီးခြားအကြောင်းကြားသွားမည်မဟုတ်ပါ။

၁၀။ တင်ဒါအာမခံစပေါ်ငွေ နှင့် လုပ်ငန်းအာမခံငွေ ပြန်လည်ပေးအပ်ခြင်း

(က) အိတ်ဖွင့်တင်ဒါမအောင်မြင်သူများ၏ တင်ဒါအာမခံစပေါ်ငွေများ ကို ရုံးဖွင့်အလုပ် လုပ်ရက် (၇) ရက်အတွင်း ငွေစာရင်းဌာနမှ ပြန်လည်ထုတ်ပေးမည်။

(ခ) အိတ်ဖွင့်တင်ဒါအောင်မြင်သူများသည် လုပ်ငန်းအာမခံငွေ (၁၀%) (10% Performance Guarantee)ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီပေးသွင်းရမည်ဖြစ်ပြီး၊ ပေးသွင်းထားသည့် အထောက်အထားမူရင်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ငွေစာရင်းဌာနသို့ တစ်ပတ်အတွင်းပေးအပ်ရမည်။ အဆိုပါ လုပ်ငန်းအာမခံငွေ (၁၀%) ကို စက်ပစ္စည်းများများရရှိပြီး (၁) နှစ် အတွင်း ပြန်လည်ထုတ်ပေး သွားမည်။

(ဂ) အိတ်ဖွင့်တင်ဒါအောင်မြင်သူ၏ (၁%) တင်ဒါအာမခံစပေါ်ငွေ ကို လုပ်ငန်းအာမခံ ငွေ (၁၀%) ပေးသွင်းပြီး (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်။

၁၁။ စာချုပ်ချုပ်ဆိုခြင်း

တင်ဒါအောင်မြင်သူသည်-

(က) ရွေးချယ်ခြင်းခံရကြောင်း အတည်ပြုသည့်နေ့မှ (၇) ရက် အတွင်း မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ်နှင့် လုပ်ငန်းအပ်နှံ/လက်ခံသည့် စာချုပ် ချုပ်ဆို ရမည်။

(ခ) ရွေးချယ်ခံရပြီးမှ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ပါက အပိုဒ် ၁၊ အပိုဒ်ခွဲ (ခ) အရ တင်သွင်းထားသော လုပ်ငန်းအာမခံငွေ (၁၀%) ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းကို သဘောတူ လက်ခံရမည်။

(ဂ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကဖွဲ့စည်းပေးထားသည့်တင်ဒါဆိုင်ရာ ကော်မတီများမှ မည်သို့ပင်စစ်ဆေးလက်ခံခဲ့စေကာမူ စာရင်းစစ်ချုပ်ရုံး၏စာရင်းစစ်အဖွဲ့မှ စာရင်းစစ်ဆေးချိန်တွင် ဖြေရှင်းရန်ကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လာပါက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ယူ ဖြေရှင်းပေးရမည်။

၁၂။ ပစ္စည်းပေးသွင်းခြင်း

တင်ဒါအောင်မြင်သူသည်-

(က) ပေးသွင်းသည့် စက်ပစ္စည်းများသည် တင်ဒါအတည်ပြုစဉ်က ဖော်ပြခဲ့သော အရည်အသွေးစံချိန်စံညွှန်း အရေအတွက် (သို့မဟုတ်) စာချုပ်နောက်ဆက်တွဲ (က) တွင်ဖော်ပြထားသော အရည်အသွေးစံချိန်စံညွှန်း အရေအတွက်တို့နှင့် ကိုက်ညီ ရမည်။

(ခ) တင်ဒါတင်သွင်းသည့် စက်ပစ္စည်းများ ၏ စံချိန်စံညွှန်း၊ စက်ပစ္စည်းများအား ကောင်းစွာ တပ်ဆင်ပေးနိုင်မှု (Proper installation) စသည်တို့ကို စိစစ်၍ ရွေးချယ်မည်။

၁၃။ ငွေတောင်းခံခြင်း

တင်ဒါအောင်မြင်သူသည်-

(က) ငွေတောင်းခံသည့်အခါတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ဝင်ငွေခွန် ၂%ပေးသွင်းပြီးကြောင်း အထောက်အထားများကို ငွေတောင်းခံရာတွင် ပူးတွဲတင်ပြရမည်။

(ခ) ကြေငြာထားသည့် ခွင့်ပြုရန်ပုံငွေတွင် ကုန်သွယ်လုပ်ငန်းခွန် (၅%) (5% Commercial Tax) အတွက် အပါအဝင်ဖြစ်သဖြင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) ပေးသွင်းပြီးကြောင်း အထောက်အထားများကို ငွေတောင်းခံရာတွင် ပူးတွဲတင်ပြရမည်။

၁၄။ ငွေပေးချေခြင်း

(က)ပစ္စည်းထိန်းဌာနသို့ ပစ္စည်းရောက်ရှိချိန်တွင် တင်ဒါအတည်ပြုစဉ်က ဖော်ပြထား သော အရည်အသွေးစံချိန်စံညွှန်း အရေအတွက်တို့နှင့် ကိုက်ညီရမည့်အပြင်၊ စာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိမှသာ ငွေပေးချေမည်။

(ခ) တင်သွင်းသည့်ပစ္စည်းတစ်မျိုးခြင်းအတွက် ကျသင့်ငွေကို ရုံးဖွင့်အလုပ်လုပ်ရက် (၇) ရက် အတွင်း ချက် လက်မှတ်ဖြင့် ပေးချေမည်။

၁၅။ ပစ္စည်းပေးသွင်းရန် လုပ်ငန်းပြီးစီးရန် နောက်ကျခြင်း၊ ပျက်ကွက်ခြင်း

တင်ဒါအောင်မြင်သူသည် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ပါ သတ်မှတ်ရက်အတွင်း စက်ပစ္စည်းများ အား မပေးသွင်းနိုင်ပါက နောက်ကျမှုတစ်ပတ် (၇ ရက်) တိုင်းအတွက် အပ်နှံရန် ပျက်ကွက် သည့် ပစ္စည်းတန်ဖိုး၏ (၀.၅%) နှင့် ညီမျှသောငွေကိုဒဏ်ကြေးအဖြစ် မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်၊ ငွေစာရင်းဌာနသို့ ပေးသွင်းရမည်။ ပစ္စည်းပေးသွင်းရန် ပျက်ကွက်ခြင်း ဖြစ်ပေါ်ပါက လုပ်ငန်း အာမခံငွေ (၁၀%) ကို အပိုဒ်-၁၁၊ အပိုဒ်ခွဲ (ခ) အရ ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်သည်။ ၎င်းကိစ္စများ အတွက် အသနားခံစာ တင်သွင်းခြင်း၊ နောက်ကျပေးသွင်းခြင်းပြုရန် လျှောက်ထားခြင်းများကို ဆောင်ရွက် ပေးနိုင်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါ သည်။

၁၆။ အာမခံသက်တမ်းသတ်မှတ်ခြင်း

သဘာဝဘေးအန္တရာယ်မှအပ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရလည်းကောင်း၊ စံချိန်စံညွှန်းမပြည့်ဝမှုကြောင့်လည်းကောင်း ပျက်စီးမှုဖြစ် ပေါ်ပါက လုပ်ငန်းလက်ခံပြီး (၁)နှစ်အတွင်း ဖြစ်ပေါ်သည့်ပျက်စီးမှုများကို တင်ဒါအောင်မြင်သူ၏ စရိတ်ဖြင့် တာဝန်ယူပြန်လည်ပြင်ဆင်ခြင်း လဲလှယ်ခြင်းများ ဆောင်ရွက်ပေးရမည်။ ဌာနမှ လိုအပ်၍ နည်းပညာကျွမ်းကျင်မှု အကူအညီတောင်းခံပါက အာမခံသက်တမ်းကျော်လွန် သော်လည်း ပစ္စည်းပေးသွင်းသော ကုမ္ပဏီမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရမည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်